## ကုမ္ပဏီအကြောင်း

၂၀၁၃ ခုနှစ်မှ စတင်ဝန်ဆောင်မှုပေးအပ်လာသည့် GGI သည် မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းနယ်ပယ်တွင် ဂုဏ်သိက္ခာနှင့် ပတ်သက်၍ အယုံကြည်ရဆုံးသော အာမခံကုမ္ပဏီတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့်လူကြီးမင်းတို့ တန်ဖိုးအထားဆုံးအရာတွေကို အကာအကွယ်ပေးဖို့နဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ရာမှာ ယုံကြည်ချက်ရှိစေဖို့ GGI အနေနဲ့ အထူးအာမခံဝန်ဆောင်မှုတွေကို ဆောင်ကျဉ်းပေးသွားမှာ ဖြစ်ပါတယ်။

GGI သည် ဂျပန် အသက်အာမခံလုပ်ငန်းဈေးကွက်မှာ ဦးဆောင်နေတဲ့ Nippon Life နဲ့ ၂၀၁၉ ခုနှစ်မှာ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ Nippon Life ရဲ့ နိုင်ငံတကာ အတွေ့အကြုံ နဲ့ GGI ရဲ့ ပြည်တွင်းအတွေ့အကြုံတွေ ပေါင်းစပ်ပြီး အရည်အသွေးမြင့် အာမခံအမျိုးအစားသစ်တွေကို ဝန်ဆောင်မှုပေးသွားမှာဖြစ်လို့ မိတ်ဆွေတို့ရဲ့အနာဂတ်ဘဝကို လုံခြုံကြွယ်ဝစေမှာ အမှန်ပင်ဖြစ်ပါသည်။

## ဆက်သွယ်ရန်

**ရုံးချုပ်လိပ်စာ**

အမှတ် (၁၁၀၄ - ၀၆)၊ ၁၁ လွှာ၊
ခရစ်(စ်)စတယ် တာဝါ၊ ကျွန်းတောလမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၉ ၄၀၀၀၈ ၃၀၀၃၊ ၀၉ ၄၀၀၀၈ ၃၀၀၄
အီးမေးလ် : CustomerCare@gginipponlife.com
ဝက်ဘ်ဆိုက် : www.gginipponlife.com

GGI NIPPON LIFE အသက်အာမခံ

# ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေ အသက်အာမခံ



လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

# ဘဝရဲ့ မရေရာခြင်းများမှ သင့်ရေတို စီမံကိန်းတို့ကို ကာကွယ်ပါ

လူကြီးမင်းဟာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်ဖြစ် သာမန်အာမခံဝယ်သူတစ်ဦးဖြစ်ဖြစ် ယခုကစလို့ လူကြီးမင်းရဲ့ ရေတိုစီမံကိန်းများကို အကောင်အထည်ဖော်ဖို့ ပိုသေချာတဲ့အာမခံချက်တွေ ရယူနိုင်ပြီဖြစ်ပါတယ်။ GGINL ရဲ့ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေ အသက်အာမခံနဲ့ဆိုရင် ပေးချေစရာကြွေးမြီတွေ လက်ဝယ်ရှိနေတဲ့ အာမခံဝယ်ယူသူတွေဟာ မမျှော်လင့်ဘဲ အသက်ဆုံးပါးမှု သို့မဟုတ် ထာဝစဉ်မသန်စွမ်းမှုတို့ ကြုံရတဲ့အခါမှာ အာမခံအကာအကွယ်ကို ရရှိမှာ ဖြစ်ပါတယ်။

## ထူးခြားချက်များ

ယခုအာမခံဟာ ပရီမီယံတစ်လုံးတည်းပေး ပေါ်လစီဖြစ်ပါတယ်။ ပရီမီယံကြေးကို အာမခံသက်တမ်း မစတင်မီ တစ်ကြိမ်တည်းသာ ပေးသွင်းဖို့လိုအပ်ပြီး အသက် ၁၈ နှစ်ကနေ ၆၄ နှစ်ကြားရှိတဲ့ ဘယ်သူမဆို ယခုအာမခံကို ဝယ်ယူလို့ရပါတယ်။ ပေါ်လစီသက်တမ်းကာလဟာ ကြွေးမြီလက်ကျန်ပေါ်မူတည်ပြီး ၁ နှစ်ကနေ ၂ နှစ်သက်တမ်းအထိ ရှိနိုင်ပါတယ်။ ဒ့ါအပြင် ယခုပေါ်လစီဟာ အာမခံတန်ဖိုး တဖြည်းဖြည်းလျော့ချထားသောအာမခံထားငွေ သို့မဟုတ် တသမတ်တည်းအာမခံထားငွေ ပုံစံနှစ်မျိုးတို့မှာ ရရှိနိုင်ပါတယ်။

# အဓိက အကျိုးခံစားခွင့်များ

### သေဆုံးမှု သို့မဟုတ် ထာဝစဉ်မသန်စွမ်းဖြစ်မှု

- မမျှော်လင့်တဲ့ ဖြစ်ရပ်များကြောင့် အသက်သေဆုံးမှု သို့မဟုတ် ထာဝစဉ်မသန်စွမ်းမှုတို့ဖြစ်တဲ့အခါ ပေးဆပ်ဖို့ရှိနေတဲ့ လက်ကျန်ကြွေးမြီကို အသေးစားချေးငွေလုပ်ငန်းတွေ၊ ဘဏ်တွေနဲ့ အခြားဘဏ္ဍာရေးအဖွဲ့အစည်းတွေထံ ပေးချေသွားမှာ ဖြစ်ပါတယ်။

